
mgyoe.com
စိတ်ကူးချိုချိုအနုပညာ



# ကျော်ခိုင်

# မှဲ့ကြည့်နည်း

mgyoe.com

တတိယအကြိမ်





ကျော်ခိုင်

# မှဲ့ကြည့်နည်း

KKH0002

1,300.00 KS

mgyoe.com

မဲ့ကြည့်နည်း။ ကျော်နိုင်
စာမျက်နှာ ၈၉+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ မိုးမင်းစာပေ၏ ဒုတိယအကြိမ်မှူ။

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■

# မှဲ့ကြည့်နည်း

## ကျော်ခိုင်

တတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– အမှာစာ ဏ

၁။ အပျိုလူပျိုနှင့် အိမ်ထောင်မကျနိုင်သောမှဲ့ကို ကြည့်နည်း ၂

၂။ မှဲ့စလွယ် ၆

၃။ ငတ်ပြတ်ပြီး သေဆုံးတတ်သည့်မှဲ့ကိုကြည့်နည်း ၈

၄။ လင်ယောကျာ်းသေဆုံးတတ်သည့်မှဲ့ ၁၁

၅။ မိန်းမဖြစ်သူ သေဆုံးတတ်သည့်မှဲ့ကို ကြည့်ရှုနည်း ၁၅

၆။ လောဘကြီးမည့်သူ၏ မှဲ့ကြည့်နည်း ၁၈

၇။ ရည်းစားများသည့်မှဲ့ကိုကြည့်နည်း ၂၃

၈။ တဏှာရာဂကြီးတတ်သည့်မှဲ့ကိုကြည့်နည်း ၂၆

၉။ မိမိ၏အိမ်ထောင်ဖက်အား ခိုက်တတ်သည့်မှဲ့ကို ကြည့်နည်း ၂၈

၁၀။ အိမ်ထောင်ရေးအဆင်မပြေသည့်မှဲ့ ၃၀

– မျက်ခွံပေါ်တွင် မှဲ့ပေါက်နေခြင်းနှင့်ပတ်သက်၍ ရှင်းပြအံ့ ၃၁

– လမ်းခရီးသွားရင်း အသက်အန္တရာယ်များတတ်သည့် မှဲ့ကိုကြည့်နည်း ၃၁

– တစ်ယောက်ကိုတစ်ယောက် မသိနားမလည်သောလူ ၃၂

– ချမ်းသာကြွယ်ဝမည့်မှဲ့ကိုကြည့်နည်း ၃၄


mgyoe.com

mgyoe.com


၁၄။ အိမ်ထောင်ဆက်များတတ်သည့်မှဲ့ကိုကြည့်နည်း ၃၆

၁၅။ ကိုယ်ခန္ဓာတွင်ပေါက်သော မှဲ့များကိုကြည့်နည်း ၃၈

၁၆။ ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ နောက်ပိုင်းမှ
ပေါက်နေသော မှဲ့များကိုကြည့်နည်း ၄၂

၁၇။ ယောက်ျား မိန်းမ ဘေးစောင်းပုံမှ မှဲ့များကိုကြည့်နည်း ၄၅
– မှဲ့ရှင် ၄၆

၁၉။ ဆင်းရဲဒုက္ခရောက်ပြီး ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်
စားသောက်တတ်ရသည့်မှဲ့ကို ကြည့်နည်း ၄၈

၂၀။ အသက်တိုတတ်သည့်မှဲ့ကိုကြည့်နည်း ၅၂
– အသက်ရှည်မည့်မှဲ့များ ၅၃

၂၂။ မိမိကိုယ်ကို သတ်သေချင်သည့် နှာခေါင်းထိပ်ပေါ်တွင်
ပေါက်သည့်မှဲ့ ၅၅

၂၄။ ယောက်ျားမျက်နှာပြင်ပေါ်မှမှဲ့များ ၅၉

၂၅။ မိန်းမမျက်နှာပြင်ပေါ်မှမှဲ့များ ၆၄
– မှဲ့ခြောက် ၆၇

၂၇။ ပြောဆိုလုပ်ကိုင်ရာတွင် အကြံအစည်မအောင်မြင်သောမှဲ့ ၇၀

၂၈။ သားသမီးဖြစ်သူအား ခိုက်တတ်သည့်မှဲ့ ၇၂

၂၉။ ကျန်းမာရေးညံ့ဖျင်းတတ်သည့်မှဲ့ ၇၅

၃၀။ ကတော်ဆယ်ပါးတွင် တစ်ပါးပါဝင်နိုင်သောမှဲ့ကို
ကြည့်နည်း ၇၇

၃၁။ သူတစ်ပါးအိမ်တွင် ဆင်းရဲစွာ နေထိုင်ရတတ်သည့်မှဲ့ ၇၉

၃၂။ မိသားစုများအား ခိုက်စေတတ်သည့် မျက်ရည်ခံမှဲ့ ၈၂

၃၃။ မိမိကိုယ်ကို အလွန်ခိုက်တတ်သည့်မှဲ့ကိုကြည့်နည်း ၈၅




mgyoe.com

mgyoe.com

## သတိပေးအပ်ပါသည်

ကျွန်တော်တစ်ဦးတည်း မူပိုင်ဖြစ်သော ဤစာအုပ်မှ စာမူများနှင့် ရုပ်ပုံများကို မည်သူမျှ ခွင့်ပြုချက်မရရှိဘဲ ပုံနှိပ်ထုတ်ဝေခြင်း၊ ပုံတူကူးယူခြင်းများကို မပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်သည်ကို တွေ့ရှိရပါက တရားဥပဒေအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို ကြိုတင် အသိပေးအပ်ပါသည်။

ကျော်ခိုင်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဝါသနာအလျောက် အလွန်လျှို့ဝှက်ခက်ခဲသော 'အင်္ဂါရုပ်ပညာ' ရပ်ကို လေ့လာလိုက်စားခဲ့ရာ လူ၏မျက်နှာပြင်ပေါ်နှင့် ခန္ဓာကိုယ်ပေါ်တို့တွင် ပေါက်နေသော မှဲ့များ၏ ကောင်းကျိုးဆိုးကျိုးများကိုပါ နားလည်သိရှိခဲ့ပါသည်။

ဤကဲ့သို့ နားလည်သိရှိခြင်းကြောင့် လူများအား လျှပ်တစ်ပြက် အချိန်အတွင်းမှာပင် ကြည့်ရှုရုံမျှနှင့် ထိုလူ၏ စိတ်နေသဘောထား ကောင်းကျိုး၊ ဆိုးကျိုးနှင့် အကျင့်စာရိတ္တများကိုပါမကျန် ချက်ချင်း လွယ်ကူစွာ သိရှိရပါသည်။

ကျွန်ုပ်အနေနှင့် ဤကဲ့သို့ နားလည်သိရှိပြီး ဖတ်ရှုလေ့လာသူများ အနေနှင့်လည်း လွယ်ကူစွာ သိရှိလေ့လာနိုင်ရန် ယခုဖော်ပြပါ 'မှဲ့ကြည့် နည်း' စာအုပ်ကို ထပ်မံ၍ ရေးသားတင်ပြပါသည်။ ဤစာအုပ်တွင် အပိုင်း နှစ်ပိုင်းခွဲခြား၍ ရေးသားဖော်ပြထားရာ ကျွန်ုပ်ပြုစုရေးသားခဲ့သော 'အင်္ဂါရုပ်ပညာ' ကျမ်းစာအုပ်မှ မှဲ့များအကြောင်းကို အခြေခံပြီး ဖြစ်ပျက် နိုင်မည့် အကြောင်းအရာများကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန်နှင့် မှဲ့များအားလုံးကို ခြုံငုံပြီး လေ့လာနိုင်ရန်ဟူ၍ ရုပ်ပုံများနှင့်တကွ ခွဲခြား

mgyoe.com

mgyoe.com



ဖော်ပြထားပြီး လေ့လာဖတ်ရှုသူများကို စေတနာထက်သန်သော စိတ်အပြည့်ဖြင့် ကိုယ်တိုင် တွေ့ကြုံလေ့လာခဲ့သည်များကိုပါ တင်ပြထားပါသည်။

ဖတ်ရှုလေ့လာခြင်းအားဖြင့် မှဲ့များ၏ အကျိုးအပြစ်ကို ရှင်းလင်းလွယ်ကူစွာ နားလည်တတ်မြောက်ပြီး ဝေဖန်ကြည့်ရှု လေ့လာနိုင်ကြမည်ဟုဆိုလျှင် ကျွန်ုပ်အနေနှင့် ဤပညာကို ဖြန့်ဖြူးရေးသားရကျိုး နပ်ပေမည်။

မှဲ့ဟူသည်ကား လူ၏မျက်နှာပြင်ပေါ်နှင့် ကိုယ်ခန္ဓာပေါ်တို့တွင် မပေါက်ဖူးသူဟူ၍ မရှိသလောက်ပင် ဖြစ်ပါသည်။ လူသည် မှဲ့နှင့် မကင်းနိုင်ပါ။ မှဲ့မရှိသောသူများမှာ အလွန်ပင် ရှားပါးလေ၏။

မှဲ့ပေါက်နေသောကြောင့်လည်း ကောင်းကျိုးကို ဖြစ်စေနိုင်သကဲ့သို့ ဆိုးကျိုးကိုလည်း ဖြစ်စေနိုင်ရာ များသောအားဖြင့် မျက်နှာပြင်ပေါ်တွင် ပေါက်နေသော မှဲ့နက်သည် လူကို ဆိုးကျိုးဖြစ်စေတတ်ပါသည်။ ဤကဲ့သို့ ဆိုးကျိုးကို ဖြစ်စေရာတွင်လည်း အမြဲတမ်း တစ်သက်လုံး ဆိုးကျိုးကို ဖြစ်စေနိုင်ခြင်းမျိုးမဟုတ်ဘဲ ရာချို့ မှဲ့နက်များဆိုလျှင် လူ၏ အသက်အပိုင်းအခြားအလိုက် ညံ့သည့်အသက်ပိုင်းတွင်သာ ညံ့တတ်ပြီး ကောင်းမွန်သောအပိုင်းတွင် ကောင်းနေတတ်ပါသည်။

## ရှင်းပြဦးအံ့

အင်္ဂါရုပ်ပညာတွင် လူတစ်ဦး၏ မျက်နှာပြင်ပေါ်တွင် ကြည့်ရှုဝေဖန်နိုင်ရန်အတွက် အသက်အပိုင်းခြားအလိုက် ကြည့်ရှုရန် နေရာများစွာရှိရာ ဥပမာ – အသက် ၁ နှစ်သားမှစ၍ ၁၅ နှစ်သားအရွယ်ထိကို ကြည့်ရန်မှာ ဘယ်ဘက်နားရွက်နှင့် ညာဘက်နားရွက်ပေါ်တွင် အဓိကထားပြီး ကြည့်ရှုဝေဖန် ပြောကြားရပါသည်။ ထို့အတူ အသက် ၁၅ နှစ်အရွယ်မှ အသက် ၃၀ ထိ ရောက်ရှိနေသောလူကို ကြည့်ရှုဝေဖန် ပြော

mgyoe.com

mgyoe.com



ကြားရန်မှာ နဖူးပြင်ပေါ်ကို အဓိကထားပြီး ကြည့်ရှုရပါမည်။ ဤကဲ့သို့ဖြင့် အသက်အပိုင်းအလိုက်ပေါ်တွင် ပေါက်နေသောမှဲ့နက်သည် ထိုအသက်အပိုင်းခြားအရောက်တွင်မှ ခိုက်တတ် ဒုက္ခပေးတတ်ပါသည်။ တချို့မှဲ့နက်များသည် အမြဲတမ်း မည်နိုင်ပါ။ ထိုအချက်ကို ကြည့်ရှုသူများ အထူးသတိပြုရပါမည်။

ဥပမာ – နဖူးပြင် အလယ်တည့်တည့်ပေါ်၏ လက်နှစ်သစ်ခန့်အကွာ ဘယ်ဘက်နဖူးပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာ ပေါက်နေလျှင် ထိုသူ၏ အသက် ၂၇ နှစ်အရွယ်တွင် မိဘဖြစ်သူအား ခိုက်တတ်ပါသည်။ ထိုအချက်မှလွဲ၍ တခြားအသက်၊ တခြားအရွယ်တွင် လုံးဝမဆိုင်တော့ပါ။ ထိုမှဲ့နှင့်လည်း မပတ်သက်တော့ပါ။ အသက် ၂၇ နှစ်အရွယ်တွင်သာ ထိုမှဲ့နှင့် ပတ်သက်၍ ကြည့်ရှုဝေဖန်ရန်သာ ဖြစ်ပါသည်။

ထိုသို့ဖြင့် မှဲ့တွင်လည်း အမျိုးအစားနှင့် အရောင်အဆင်းများစွာ ရှိကြရာ –

၁။ အနက်ရောင်

၂။ အနီရောင်

၃။ အဖြူရောင်

၄။ အညိုရောင်နှင့်

၅။ အဝါရောင် စသည်တို့ဖြင့် အရောင်မျိုးများ ကွဲပြားစွာ ရှိပါသည်။

မျက်နှာပြင်ပေါ်တွင် ပေါက်နေသော မှဲ့နက်များသည် မကောင်းသောအချက်က ပို၍ များပြားသကဲ့သို့ ကိုယ်ခန္ဓာပေါ်တွင် ပေါက်နေသော မှဲ့များက ကောင်းမွန်သောအချက်က ပို၍ များပြားပါသည်။

ထို့ကြောင့် မျက်နှာပြင်ပေါ်တွင် မှဲ့နက်များစွာ ပေါက်နေသောသူဖြစ်လျှင် စာပေပညာ မတတ်မြောက်နိုင်ပါ။

mgyoe.com

mgyoe.com



ထို့အတူ နဖူးပြင်ပေါ်တွင် မှဲ့နက်များစွာ ပေါက်နေသော မိန်းမဖြစ်လျှင် လင်ယောကျ်ားဖြစ်သူကို ခိုက်တတ်ပြီး အိမ်ထောင်ကွဲတတ်ပါသည်။

အသက်ငယ်ရွယ်စဉ်တွင် မျက်နှာပြင်ပေါ်တွင် မှဲ့များစွာ ပေါက်နေလျှင် အလွန်ညံ့တတ်ပါသော်လည်း အသက်ကြီးမှပေါက်သော မှဲ့သည်ကား အသက်ရှည်တတ်ပါသည်။ အသက်ကြီးမှဟုဆိုရာတွင် ၅၀ ကျော် ၆၀ နီးပါးမှ ပေါက်သောမှဲ့ကိုသာ ဆိုလိုပါသည်။

မျက်နှာပြင်ပေါ်နှင့် ကိုယ်ခန္ဓာပေါ်တို့တွင် မှဲ့နီပေါက်နေလျှင်ကား ကောင်းကျိုးကို ခံစားနိုင်ပြီး များသောအားဖြင့် စီးပွားရေး အဆင်ပြေတတ်၏။

မျက်နှာပြင်ပေါ်တွင် မှဲ့ဖြူပေါက်နေလျှင်ကား မကြာခဏ စိုးရိမ်သောကစိတ် အလွန်များမည့်သူပင် ဖြစ်၏။ ထိုလူမျိုးများမှာ မည်သည့်လုပ်ငန်းတွင်မဆို လုပ်ကိုင်ဆောင်ရွက်ရာတွင် အေးဆေးတည်ငြိမ်သောစိတ်ထားဖြင့် မလုပ်ဆောင်နိုင်ကြဘဲ အမြဲတမ်း စိုးရိမ်ပူပန်တတ်သောသဘောရှိသူ ဖြစ်၏။

မှဲ့ညို မျက်နှာပြင်ပေါ်တွင် ပါရှိနေပါက ထိုလူမျိုးများမှာ သူတစ်ဖက်သားအပေါ်တွင် ချစ်ခင်ကြင်နာမှုရှိတတ်ပြီး အမြဲတမ်း ကူညီစောင်မကြည့်ရှုတတ်မည့်သူပင် ဖြစ်ပါလိမ့်မည်။

မှဲ့ဝါပေါက်နေသော လူမျိုးများဖြစ်လျှင် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေ စားသောက်ရမည့် လူတန်းစားပင် ဖြစ်၏။

□

mgyoe.com

mgyoe.com

အပျိုနှင့် အိမ်ထောင်မကျနိုင်



နားထင်ပေါ်မှဲ့ပေါက်ပုံ

mgyoe.com

· mgyoe.com

## အပျိုလူပျိုနှင့် အိမ်ထောင်မကျနိုင်သောမှဲ့ကိုကြည့်နည်း

ဤကြည့်ရှုနည်းကား အလွန်လွယ်ကူသော နည်းပင်ဖြစ်ရာ စာရေးသူ ကိုယ်တွေ့များမှ တစ်ခုအပါအဝင်ပင် ဖြစ်၏။

ယောကျ်ားဖြစ်သူ၏ နားထင်ပေါ်တွင် မှဲ့နက်ထင်ရှားစွာ ပေါ်နေလျှင် ထိုလူမှာ မည်သည့်နည်းနှင့်မျှ အပျိုစင်စစ်ကို အိမ်ထောင်ဘက်အဖြစ် မရရှိနိုင်ပေ။ အိမ်ထောင်ကွဲထားသူ သို့မဟုတ် မုဆိုးမများနှင့်သာ မလွဲမသွေ အိမ်ထောင်ပြုရလိမ့်မည်ဖြစ်ပါသည်။ လေ့လာကြည့်က သိရှိရပါလိမ့်မည်။

ထို့အတူ မိန်းမပျိုဖြစ်သူ၏ နားထင်ပေါ်တွင် မှဲ့ထင်ရှားစွာ ပါရှိနေလျှင်လည်း လူပျိုစင်စစ်နှင့် အိမ်ထောင်မကျနိုင်ပါ။

အိမ်ထောင်ကွဲထားသူ (သို့မဟုတ်) မုဆိုးဖို စသည်တို့နှင့် အိမ်ထောင်ကျတတ်၏။ သို့မဟုတ်ပါက မယားငယ်ဖြစ်တတ်သည်ကို အထူးသတိပြုပြီး လေ့လာပါရန် တင်ပြအပ်ပါသည်။

### ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်

ကျွန်ုပ် မိတ်ဆွေတစ်ဦးဖြစ်သူ ကိုခင်မောင်သန်းမှာ အသက် ၃၀

mgyoe.com

mgyoe.com


ခန့်ရှိပြီး ရုပ်ရည်ချောမောပြေပြစ်ကာ စာပေပညာတတ်မြောက်သူတစ်ဦး ဖြစ်ပြီး ငွေကြေးချမ်းသာကြွယ်ဝသော မိဘများမှ မွေးဖွားလာသော တစ်ဦးတည်းသော သားတစ်ယောက်ဖြစ်၏။

ကျွန်ုပ်နှင့်လည်း ခင်မင်ရင်းနှီးရာ မကြာခဏ အင်္ဂါရုပ်ကြည့်ပေးရန် ပြောဆိုပြီး အိမ်ထောင်ကျလျှင် အဆင်ပြေပါ့မလား၊ ဘယ်လိုမိန်းမမျိုးနှင့် အိမ်ထောင်ကျတတ်သလဲဟု မေးမြန်းခြင်းကြောင့် ကျွန်ုပ်ကလည်း ၎င်း၏ နားထင်ပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာ ပေါက်နေခြင်းကြောင့် အိမ်ထောင်ပြုလျှင် အထူးသတိထားပြီးမှ အိမ်ထောင်ပြုရန်နှင့် မည်သည့်နည်းနှင့်မျှ အပျိုစစ်စစ်နှင့် အိမ်ထောင်မကျနိုင်ဘူးဟု ပြောဖူးရာ ကျွန်ုပ်အားလည်း များစွာ စိတ်ဆိုးဖူး၏။ သူသည် အိမ်ထောင်ပြုလျှင် အပျိုစစ်စစ်နှင့်သာ အိမ်ထောင်ပြုမည်ဖြစ်ကြောင်းကို မကြာခဏ ပြောဆိုဖူး၏။


ထိုသို့ပြောဆိုပြီးနောက် နှစ်အနည်းငယ်အကြာတွင် ကိုခင်မောင်သန်းတစ်ယောက် အိမ်ထောင်ကျကြောင်း သိရှိရ၍ မိတ်ဆွေတစ်ဦးမှ တစ်ဆင့် မေးမြန်းကြည့်ရာ မုဆိုးမတစ်ဦးနှင့် အိမ်ထောင်ကျနေကြောင်းကိုသာ ကြားသိခဲ့ရပါသည်။

ထို့ကြောင့် အင်္ဂါရုပ်ပညာသည် နားထင်ပေါ်တွင် မှဲ့နက်ပေါက်နေသောသူဖြစ်လျှင် မည်သည့်နည်းနှင့်မျှ အပျိုလူပျိုများနှင့် အိမ်ထောင်မကျနိုင်ကြောင်းကို ကိုယ်တွေ့ လေ့လာသိရှိခဲ့ရပါသည်။

mgyoe.com

mgyoe.com



# မှဲ့စလွယ်ပုံ



mgyoe.com

mgyoe.com

# မှဲ့စလွယ်နောက်ကျောပုံ



mgyoe.com

mgyoe.com

# မှဲ့စလွယ်

ဤနေရာတွင် မှဲ့စလွယ်နှင့်ပတ်သက်၍ သိရှိနိုင်ရန် အနည်းငယ် ရှင်းဦးအံ့။

မှဲ့စလွယ်ကား များသောအားဖြင့် ယောကျ်ားများတွင်သာ ပေါက်လေ့ရှိပြီး မိန်းမများတွင် ပေါက်သည်ဟူ၍ ကျွန်ုပ်အနေနှင့် မကြားဖူး မလေ့လာဖူးပေ။

မှဲ့စလွယ်ဆိုသည်မှာ လူ၏ကိုယ်ခန္ဓာပေါ်တွင် စလွယ်သိုင်းထားသကဲ့သို့ မှဲ့များ စီတန်းညီညာစွာဖြင့် ပေါက်နေသောကြောင့် မှဲ့စလွယ်ဟု ခေါ်၏။

ကျွန်ုပ်၏ လေ့လာခဲ့သော အတွေ့အကြုံတစ်လျှောက်လုံးတွင် မှဲ့စလွယ်ပေါက်သူတစ်ဦးကိုသာ တွေ့ဖူးရာ ၎င်းမှာ ချမ်းသာကြွယ်ဝသော မိသားစုမှ မွေးဖွားလာသူတစ်ဦးဖြစ်ခြင်း၊ စာပေပညာတွင်လည်း ထူးချွန်သူဖြစ်ခြင်း၊ ၎င်းဝါသနာပါသော အားကစားဘက်တွင်လည်း ထူးချွန်သူဖြစ်ခြင်းနှင့် ကျောင်းမှဘွဲ့ရပြီး လုပ်ငန်းခွင်သို့ ဝင်ရောက် အမှုထမ်းရာတွင်လည်း သြဇာရှိသောနေရာတွင် လုပ်ဆောင်ရခြင်းတို့ဖြင့် အဆင့်အတန်းမြင့်မားစွာ နေထိုင်လုပ်ကိုင်ရခြင်းနှင့် စိတ်နေသဘောထားပါ ကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံသောကြောင့် ထူးခြားသည့် ကောင်းကျိုးပေးသည့် မှဲ့အမျိုးအစားပင်ဖြစ်ကြောင်းကို ကိုယ်တွေ့ လေ့လာတွေ့ရှိရပါသည်။



mgyoe.com

## ဆင်းရဲလိမ့်မည်



နှာခေါင်းဘေးမှ အရေးအကြောင်းပေါ်တွင် မှဲ့ပေါက်ပုံ

mgyoe.com

mgyoe.com

## ငတ်ပြတ်ပြီး သေဆုံးတတ်သည့်မှဲ့ကိုကြည့်နည်း

အင်္ဂါရုပ်ပညာတွင် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ နှာခေါင်းဘေးမှ အရေးကြောင်းသည် ပါးစပ်တွင်းသို့ ကွေ့ဝိုက်ပြီး ဝင်သွားခဲ့သည်ရှိသော် ဆင်းရဲဒုက္ခ အလွန်ရောက်တတ်ပြီး စားသောက်စရာပင်မရှိဘဲ ငတ်ပြတ်သေဆုံးတတ်သော ပြချက်ပင် ဖြစ်ပါသည်။

ထို့အတူ မှဲ့နက်နှင့်ပတ်သက်၍လည်း လေ့လာကြည့်ရှုရန်မှာ ထိုအရေးကြောင်းပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာပါရှိနေလျှင် (ပုံနှင့်တကွ ဖော်ပြထားပါသည်။) စီးပွားရေးအဆင်ပြေနေသောသူပင်ဖြစ်စေ အလွန်အတိ ဒုက္ခရောက်ပြီး စားသောက်ရေးပါ အဆင်မပြေဖြစ်ကာ ငတ်ပြတ်ပြီး သေဆုံးတတ်ပါသည်။

အထူးလေ့လာ သတိပြုသင့်သောမှဲ့ပင် ဖြစ်ပါသည်။ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံတောင်ဘက်မုခ်ရှိ စာအုပ်ဆိုင်တစ်ဆိုင်တွင် မိတ်ဆွေများနှင့် စကားပြောဆိုနေစဉ် ထိုဆိုင်ပေါ်သို့ အဝတ်အစားများ နွမ်းပါးစွာ ဝတ်ဆင်ထားသော အသက် ၅၀ ခန့်ရှိ အမျိုးသမီးကြီးတစ်ဦး ရောက်ရှိလာပြီး ဆိုင်ရှင်များအား နှိပ်နယ်ပေးနေ

mgyoe.com

mgyoe.com

သည်ကို တွေ့ရ၏။ ဤတွင် 'အင်္ဂါရုပ်ပညာ' ဝါသနာပါသော ကျွန်ုပ်သည် ထိုဆင်းရဲနွမ်းပါးသော အမျိုးသမီးကြီး၏ မျက်နှာပြင်ကို အနည်းငယ် ထူးခြားနေသည်ဟု အထင်ရှိပြီး လေ့လာကြည့်ရှုမိရာ အထက်တွင် ဖော်ပြထားသည့်အတိုင်း ထိုအမျိုးသမီးကြီး၏ နှာခေါင်းဘေးရှိ အရေးကြောင်းပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာ ပေါက်နေကြောင်းကို တွေ့ရှိရာ စားဝတ်နေရေး အလွန်အဆင်မပြေသူ ဖြစ်လိမ့်မည်ကို သိရှိရ၍ များစွာ စိတ်မကောင်းဖြစ်မိ၏။

သို့သော်လည်း ကျွန်ုပ်သည် ထိုကာယကံရှင်အား စားဝတ်နေရေးနှင့် ပတ်သက်၍ ထပ်မံမေးမြန်းကြည့်ရာ ၎င်း၏ ပြောပြချက်အရ ၎င်းမှာ ယခုလောလောဆယ်တွင်မူ နေထိုင်စရာရှိသော်လည်း စားစရာမရှိ၍ အလွန် အခက်အခဲတွေ့နေကြောင်း၊ မနက်စာစားပြီးလျှင် ညစာအတွက် ရှာဖွေနေရကြောင်း၊ ညစာစားပြီးလျှင်လည်း မနက်အတွက် တစ်ခါ တွေးတောပူပင်ရပါကြောင်းကို စိတ်မကောင်းစွာဖြင့် ပြောပြရှာပါသည်။

ထို့ကြောင့် အင်္ဂါရုပ်ပညာတွင် အထက်ဖော်ပြပါ ပြချက်သည် ဆင်းရဲစွာ နေထိုင်ရပြီး စားသောက်ရေးအတွက် အလွန်ခိုက်တတ်ကြောင်းကို လေ့လာဖတ်ရှုသူများ အထူးမှတ်သားသင့်ပါသည်။

❐

mgyoe.com

mgyoe.com

ယောက်ျားခိုက်တတ်၏



ဘယ်ဘက်နားထင်ပေါ်မှဲ့ပေါက်ပုံ

mgyoe.com

mgyoe.com

## လင်ယောကျ်ား သေဆုံးတတ်သည့်မှဲ့

ဤမှဲ့ကား လင်ယောကျ်ားဖြစ်သူ အသက်ငယ်ရွယ်စဉ်မှာပင် သေဆုံးတတ်သည့် အလွန်ခိုက်သောမှဲ့ပင် ဖြစ်၏။

လင်ယောကျ်ား သေဆုံးတတ်သည့် မှဲ့ပေါက်သည့်နေရာကား မိန်းမဖြစ်သူ၏ ဘယ်ဘက်နားထင်ရိုးပေါ်တွင် ထင်ရှားစွာ ပေါက်နေသောမှဲ့ပင် ဖြစ်၏။

ဤပညာရပ်ကို လေ့လာသူများအနေဖြင့် ဤကဲ့သို့ ဘယ်ဘက်နားထင်ရိုးပေါ်တွင် မှဲ့ပေါက်နေသော မိန်းမများကို အထူးသတိပြုပြီးမှ အိမ်ထောင်ပြုသင့်၏။

အလွန်ခိုက်တတ်သော အလွန်ညံ့သောမှဲ့ပင် ဖြစ်၏။ ထိုမှဲ့ပေါက်သူ အမျိုးသမီးများ မိမိ၏ လင်ယောကျ်ားဖြစ်သူ သေဆုံးတတ်သည်သာမက သားသမီးများကိုပင် ခိုက်တတ်ပြီး စီးပွားရေးပါ ကျဆုံးတတ်ကြောင်းကို ကိုယ်တွေ့ လေ့လာတွေ့ရှိရပါသည်။

ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခုကို တင်ပြပါမည်။ ကျွန်ုပ်၏ နှမဝမ်းကွဲတော်စပ်သူတစ်ဦးမှာ အထက်ဖော်ပြပါ ဘယ်ဘက်နားထင်ရိုးပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာ ပေါက်နေ၏။

mgyoe.com

mgyoe.com

ညီမဖြစ်သူမှာ တစ်ချိန်က ထိုပေါက်နေသောမှဲ့ကိုပင် မျက်နှာပြင်ကို ပိုမိုလှပစေသည်ဟု ဂုဏ်ယူဝင့်ကြွားနေသူပင်ဖြစ်ရာ ကျွန်ုပ်ကိုပင် မကြာခဏ ကြွားဝါပြောဆိုဖူး၏။

အင်္ဂါရုပ်ပညာကို တတ်မြောက်သော ကျွန်ုပ်ကား ဤမှဲ့သည် လင်ယောက်ျားဖြစ်သူ သေဆုံးတတ်သော မှဲ့ဖြစ်သည်ကို ကြိုတင်၍ သိနေသော်လည်း ၎င်းစိတ်မကောင်းဖြစ်မည်စိုး၍ တစ်စုံတစ်ရာမျှ ပြောဆိုခဲ့ခြင်း မရှိချေ။

၎င်း အိမ်ထောင်ပြုပြီး၍ ငါးနှစ်ခန့်မျှ ပေါင်းသင်းခဲ့ရာ ကလေးနှစ်ယောက် ထွန်းကားပြီးချိန်တွင် လင်ယောက်ျားဖြစ်သူမှာ ကျန်းမာရေးချို့ယွင်းကာ ကွယ်လွန်သွားခဲ့၏။ ဤကဲ့သို့ ကွယ်လွန်ချိန်တွင် စီးပွားရေးလုပ်ငန်းပါ ကျဆင်းလာ၍ နောက်နှစ်နှစ်ခန့်အကြာတွင် ဒုတိယအိမ်ထောင် ထပ်ပြုပြန်ရာ ထိုအိမ်ထောင်ဖက်မှာလည်း ယခု ကျွန်ုပ် စာရေးနေချိန်တွင် မကျန်းမမာဖြစ်နေသည်ကို ကိုယ်တွေ့ လေ့လာ တွေ့ရှိရပါသည်။

နောက်ကြည့်ရှုရန် တစ်နည်းကား ဤသို့တည်း –

မျက်လုံးနှစ်လုံးကြား နှာခေါင်းပေါ်တွင် မှဲ့နက်ပေါက်နေသော မိန်းမဖြစ်လျှင်လည်း မိမိကိုယ်တိုင် အသက် ၄၁ နှစ်အရွယ်တွင် အလွန်ညှံ့တတ်ပြီး လင်ယောက်ျားဖြစ်သူမှာလည်း ထိုအချိန်တွင်လည်း သေဆုံးတတ်သည်ဖြစ်ပါ၍ အထူးရှောင်ကြဉ်သင့်သော မိန်းမမျိုးပင် ဖြစ်သည်။

ညာဘက်နားထင်ပေါ်တွင် မှဲ့ထင်ရှားစွာ ပေါက်လာလျှင်လည်း လင်ယောက်ျားဖြစ်သူ သေဆုံးတတ်သည်ဖြစ်ပါ၍ အလွန်ခိုက်တတ်သော မှဲ့ပင်ဖြစ်၏။

နောက်လေ့လာရန် တစ်နည်းကား –

မိန်းမဖြစ်သူ၏ ဘယ်ဘက်အောက် မျက်ခွံပေါ်တွင် မှဲ့နက်တစ်လုံး ပေါက်နေပါကလည်း လင်ယောက်ျားဖြစ်သူ သေဆုံးတတ်၏။

mgyoe.com

mgyoe.com


ဤကား လင်ယောက်ျားဖြစ်သူ အရွယ်မတိုင်မီ သေဆုံးတတ်သော မှဲ့ပါရှိသည့် မိန်းမများကို လေ့လာကြည့်ရှုရန် အလွယ်ကူဆုံးနည်းပင် ဖြစ်၏။


ဖတ်ရှုလေ့လာသူများအနေဖြင့် ဤပြချက်များကို လက်တွေ့လေ့လာကြည့်ပါက မှန်ကန်မှုရှိကြောင်း တွေ့ရှိရပါလိမ့်မည်။

❐

mgyoe.com

mgyoe.com

မိန်းမခိုက်တတ်၏



ညာဘက်နားထင်ရိုးပေါ်တွင် မှဲ့ပေါက်ပုံ

mgyoe.com

mgyoe.com

## မိန်းမဖြစ်သူ သေဆုံးတတ်သည့်မှဲ့ကို ကြည့်ရှုနည်း

မိန်းမဖြစ်သူ သေဆုံးတတ်သည့် မှဲ့ပေါက်သောနေရာကား လင်ယောကျ်ားဖြစ်သူ၏ ညာဘက်နားထင်ရိုးပေါ်တွင်ပင် ဖြစ်၏။

မိန်းမဖြစ်သူ၏ ဘယ်ဘက်နားထင်ရိုးပေါ်တွင် မှဲ့နက်ပေါက်က လင်ယောကျ်ားဖြစ်သူ သေဆုံးတတ်သကဲ့သို့ ယောကျ်ားဖြစ်သူ၏ ညာဘက်နားထင်ရိုးပေါ်တွင် မှဲ့ပေါက်နေပါက မိန်းမဖြစ်သူ အရွယ်မတိုင်မီ မလွဲဧကန် သေဆုံးတတ်သည်ဖြစ်ပါ၍ အိမ်ထောင်ဖက်ရှာဖွေနေသော မိန်းမပျိုများအနေဖြင့် အထူးသတိပြုပြီး ရှောင်ကြဉ်သင့်သောမှဲ့ပင် ဖြစ်၏။

## ကိုယ်တွေ့လေ့လာတွေ့ရှိချက်ကို တင်ပြရလျှင်–

တစ်နေ့သ၌ ကျွန်ုပ်သည် ရွှေတိဂုံတောင်ဘက်မုခ်ရှိ ပိဋကတ်စာအုပ်ဆိုင်တစ်ဆိုင်တွင် ဆိုင်ရှင်များနှင့် စကားပြောဆိုနေစဉ် ဆိုင်ရှင်နှင့်သိကျွမ်းသော အငြိမ်းစားရဲအရာရှိတစ်ဦး ဝင်ရောက်လာ၏။ ဤတွင် ကျွန်ုပ်လည်း မှဲ့နှင့်ပတ်သက်၍ ရှင်းလင်းပြောပြနေရာ ထိုအငြိမ်းစားရဲအရာရှိက ကျွန်ုပ်အား ၎င်း၏ညာဘက် နားထင်ရိုးပေါ်သို့ လက်ညှိုး

mgyoe.com

mgyoe.com


ထိုးပြရာ 'ဆရာ၊ ကျွန်တော့်နားထင်ပေါ်မှာ ပေါက်နေတဲ့မှဲ့အကြောင်းကို ရှင်းပြပါဦး' ဟု ပြောရာ ကျွန်ုပ်က ခင်ဗျားညာဘက် နားထင်ရိုးပေါ်မှာ မှဲ့ပေါက်နေတဲ့အတွက် မိန်းမဖြစ်သူကို ခိုက်တတ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပဲပြောရရင် ခင်ဗျားမိန်းမ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးတတ်ပါတယ်။ ဒါကြောင့် အထူးသတိပြုပြီး နေထိုင်ဖို့ ပြောလိုပါတယ်ဟု ပြောလိုက်ရာ ထိုသူမှာ အံ့ဩသွားသော အမူအရာဖြင့် ကျွန်ုပ်ကို ငေးကြည့်ပြီးမှ "ဟာ... ခင်ဗျားက တော်တော်ထူးဆန်းတဲ့သူပဲဗျာ၊ ဒီမှဲ့ကလေးကို ကြည့်ပြီး ပြောတာမှန်နေပြီ၊ ကျွန်တော် လွန်ခဲ့တဲ့သုံးနှစ်လောက်ကပဲ ပထမအိမ်ထောင်ဆုံးသွားလို့ အခု နောက်အိမ်ထောင်နဲ့နေတာ၊ အဲဒါ နောက်အိမ်ထောင်ကော ခိုက်တတ်ပါသလားဗျာ"ဟု မေးရာ "ဒီမှဲ့ရှိနေတဲ့အတွက် နောက်အိမ်ထောင်ပါ ခိုက်တတ်တယ်ဗျို့၊ ဒါကြောင့် ဒီမှဲ့ကို သတ်လိုက်ရင် ကောင်းလိမ့်မည်"ဟု ပြန်ပြောရာ ၎င်းက "ကျွန်တော်က တော့ဗျာ ဖြစ်မှဖြစ်ရောပဲ၊ ဘုရားတရား လက်ကိုင်ထားတဲ့လူဆိုတော့ ဒီမှဲ့ကို မသတ်တော့ပါဘူး"ဟု ပြောဆိုပြီး မကြာခင် ပြန်သွားပြီးနောက် ရက်များမကြာမီမှာပင် ၎င်း၏ ဒုတိယအိမ်ထောင်ဖက်မှာ ကိုယ်ဝန်ပျက်ကျ၍ ဆေးရုံတင်ထားရာ စိုးရိမ်ရသော အခြေအနေရှိသည်ဟုသာ ကြားသိရ၏။

❒

mgyoe.com

mgyoe.com

လောဘကြီးသူ



mgyoe.com

mgyoe.com

## လောဘကြီးမည့်သူ၏ မှဲ့ကြည့်နည်း

ပုံတွင် ဖော်ပြထားသည့်အတိုင်း ယောက်ျားဖြစ်သူ ဘယ်ဘက်ပါး ပြင်ပေါ်တွင် မှဲ့နက်တစ်လုံး ထင်ရှားစွာ ပါရှိနေလျှင် ထိုသူမှာ လောဘ ကြီးသူတစ်ယောက် ကေန်ဖြစ်လိမ့်မည်။

စာရေးသူ ကိုယ်တွေ့တင်ပြရလျှင် ကျွန်ုပ်၏ သူငယ်ချင်းတစ်ဦး ဖြစ်သူမှာ အထက်တွင် ဖော်ပြထားသော မှဲ့ပါရှိရာ ၎င်းသည် စီးပွားရေး လုပ်ငန်းတစ်ခု လုပ်ကိုင်ရာတွင် မနားမနေ နေ့ညမရှောင်ဘဲ ငွေရရှိရေး အတွက်ကိုသာ အဓိကထားပြီး လောဘကြီးစွာ လုပ်ကိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ယုံကြည်ထိုက်သောသူကို ယုံကြည်ပါ

လောက၌ လူတို့သည် မကောင်းသူများသလောက် ကောင်းသူ လည်း အလွန်များပါသည်။ မကောင်းသူနှင့် တွေ့မိ၍ အားလုံးမကောင်း ပါဟု မယူဆပါလေနှင့်။ မကောင်းသူတွေ့လျှင် ကောင်းသူကို ရှာရမည်။ ကောင်းသူကိုမရှာဘဲ မကောင်းသည်ကိုသာ ပြောနေလျှင် သင်သည် လည်း တစ်ဖက်သတ် ကျနေပေလိမ့်မည်။

mgyoe.com

mgyoe.com


လောကကြီးတွင် အကောင်းအဆိုး အမြဲတွဲ၍ နေ၏။ အကောင်းချည့်မဖြစ်နိုင်။ အကောင်းချည်းရှိနေလျှင်လည်း လောကကြီးပျက်၏။ အဆိုးချည်းရှိနေလျှင်လည်း လောကကြီးပျက်၏။ အလွန်လှပသောနှင်းဆီခက်ကလေးပင် ဖြစ်စေကာမူ ဆူးရှိရသေး၏။ ဆူးရှိ၍ သင်မပန်လျှင် သင်၏အပြစ်ပင် ဖြစ်၏။ ပန်ဆင်လျက် ဆူးစူးပြန်တော့လည်း သင်၏ မလိမ္မာ မပါးနပ်မှုပင် ဖြစ်၏။


သို့ဖြစ်၍ သင်သည် ယုံကြည်ထိုက်သောသူကို ယုံကြည်ပြီး ပေါင်းသင်းဖက်စပ်၍ လုပ်စရာကိုင်စရာများ ရှိနေလျှင်လည်း လုပ်ကိုင်ပါလေ။ သင်သည် သူတစ်ထူးအား အယုံအကြည်ကင်းမဲ့နေလျှင် သင် တိုတောင်းရာကျ၏။ သင် တိုတောင်းနေလျှင် သင့်အားလည်း သူတစ်ထူးက သံသယဖြစ်စရာရှိ၍ နေပေလိမ့်မည်။

□

mgyoe.com

mgyoe.com

ရည်းစားအလွန်များသူ




ညာဘက်ပါးပြင်အနီးတွင်မှဲ့ပေါက်ပုံ

mgyoe.com

mgyoe.com

## ရည်းစားများလိမ့်မည်




မေးစေ့ပေါ်မှဲ့ပေါက်နေပုံ

mgyoe.com

mgyoe.com

အိမ်ထောင်နှစ်ဆက်



မေးစေ့ပေါ်မှဲ့ပေါက်နေပုံ

mgyoe.com

mgyoe.com

## ရည်းစားများသည့်မှဲ့ကို ကြည့်နည်း

အင်္ဂါရုပ်ပညာတွင် မှဲ့နှင့်ပတ်သက်၍ မျက်နှာများတတ်သည့်မိန်းမ (ဝါ) ရည်းစားများသည့် မိန်းမများကို ကြည့်ရှုလေ့လာ၍လည်း လွယ်ကူစွာ တွေ့ရှိရပါလိမ့်မည်။

ပုံနှင့်တကွ ဖော်ပြထားသည့်အတိုင်း ညာဘက်ပါးပြင်အနီးတွင် မှဲ့နက်ပေါက်နေသော မိန်းမဖြစ်လျှင် အလွန်ရည်းစားများလိမ့်မည်။

**နောက်တစ်နည်းကား**

မိန်းမဖြစ်သူ၏ မေးစေ့အလယ်တွင် ထင်ရှားစွာ မှဲ့နက်တစ်လုံး ပေါက်နေပါက ရည်းစားများမည့်မိန်းမပင် ဖြစ်၏။

ထိုမိန်းမမျိုးကား အိမ်ထောင်ကျခဲ့သည်ရှိသော် အနည်းဆုံး၊ အိမ်ထောင်နှစ်ဆက်ခန့် ရှိလိမ့်မည်။ ကျွန်ုပ်သည် ဤပြချက်နှင့် ပတ်သက်၍ မိန်းမများစွာကို လေ့လာဖူးရာ မှန်ကန်မှုများစွာရှိကြောင်း တွေ့ရှိရပါသည်။

ထို့အတူ ယောက်ျားဖြစ်သူ ရည်းစားများသည့်၊ မိန်းမပွေသည့် မှဲ့ပေါက်နေရာကား မေးစေ့ပေါ်တွင်ပင် ဖြစ်၏။ သို့မဟုတ်ပါက အိမ်

mgyoe.com

mgyoe.com

ထောင်နှစ်ဆက်ပင် ဖြစ်ပါလိမ့်မည်ကို ကိုယ်တွေ့ လေ့လာတွေ့ရှိရပါသည်။


ဤကြည့်ရှုနည်းကား ရည်းစားများတတ်သော မှဲ့ပေါက်သည့်နေရာကို ကြည့်ရှုလေ့လာရန်ပင် ဖြစ်၏။

❒

mgyoe.com

mgyoe.com

တဏှာရာဂကြီးတတ်၏



ညာဘက်မျက်ခုံးမွေးအစွန်နားတွင် မှဲ့ပေါက်နေပုံ

mgyoe.com

mgyoe.com

## တဏှာရာဂကြီးတတ်သည့်မှဲ့ကိုကြည့်နည်း

ပုံနှင့်တကွ ဖော်ပြထားသည့်အတိုင်း မိန်းမဖြစ်သူ၏ ညာဘက်မျက်ခုံးမွေး၏ အစွန်ဆုံးနေရာတွင် မှဲ့နက်ပါရှိနေသော မိန်းမဖြစ်လျှင် တဏှာရာဂကြီးတတ်သောသဘော ရှိလိမ့်မည်။

ဤပြချက်ကို အထူးသတိပြုပြီး လေ့လာသင့်၏။

ဤပြချက်ပါရှိသော မိန်းမများကား ကြီးသည်ဖြစ်စေ၊ ငယ်ရွယ်သည်ဖြစ်စေ၊ ထိုကဲ့သို့ပင် ထိုသို့အကျိုးကို ဖြစ်တတ်ပါသည်။

❒

mgyoe.com

mgyoe.com


အိမ်ထောင်ဖက်အား ခိုက်တတ်၏



ညာဘက်အောက်မျက်ခွံပေါ်တွင် မှဲ့ပေါက်ပုံ

mgyoe.com